နဆ်ွရာနီတို့သည် မရ်ယမ်၏ သားတော်(တမန်တော်အီစာ) (အလိုင်းဟိစ္စလာမ်)အား အတိုင်းထက်အလွန်

ကြည်ညိုအမွှမ်းတင်ကြသကဲ့သို့ အသင်တို့သည်

ငါကိုယ်တော်အား အတိုင်းထက်အလွန်

ကြည်ညိုအမွှမ်းတင်ခြင်းမပြုကြနှင့်။ ငါကိုယ်တော်သည်အရှင်မြတ်၏ကျေးကျွန်သာဖြစ်သည်။

ထို့ကြောင့်ငါကိုယ်တော်အား

အလ္လာဟ်အရှင်မြတ်၏ကျေးကျွန်နှင့်

အရှင်မြတ်၏ရစူလ်တမန်တော်ဖြစ်သည်ဟူ၍သာ

သင်တို့ပြောကြလေကုန်။

အုမရ်ဗင်န်ခသ်သွာဗ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ ကျွန်တော်သည်တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) မိန့်ကြားတော်မူသည်ကို
ကြားသိခဲ့ရသည်။ နဆ်ွရာနီတို့သည် မရ်ယမ်၏ သားတော်(တမန်တော်အီစာ) (အလိုင်းဟိစ္စလာမ်)အား အတိုင်းထက်အလွန် ကြည်ညိုအမွှမ်းတင်ကြသကဲ့သို့
အသင်တို့သည် ငါကိုယ်တော်အား အတိုင်းထက်အလွန်
ကြည်ညိုအမွှမ်းတင်ခြင်းမပြုကြနှင့်။ ငါကိုယ်တော်သည်
အရှင်မြတ်၏ကျေးကျွန်သာဖြစ်သည်။ ထို့ကြောင့်ငါကိုယ်တော်အား
အလ္လာဟ်အရှင်မြတ်၏ကျေးကျွန်နှင့် အရှင်မြတ်၏ရစူလ်တမန်တော်ဖြစ်သည်ဟူ၍သာ
သင်တို့ပြောကြလေကုန်။
[صحيح] [رواه البخاري]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် မိမိနှင့် ပတ်သက်၍ နဆ်ွရာနီ (ခရစ်ယာန်)တို့က မရ်ယမ်၏သားတော် (အီစာ) (အလိုင်းဟိစ္စလာမ်)အား ပြုခဲ့ကြသည့်အတိုင်းရှရီအဟ်တရားတော်၏ ဘောင်ကိုကျော်ကာ အတိုင်းထက်အလွန်ချီးမွမ်းခြင်း၊အလ္လာဟ်အရှင်မြတ်၏ ဂုဏ်တော်များ၊ အရှင်မြတ်နှင့်သာ သက်ဆိုင်သည့်လုပ်ဆောင်ချက်များဖြင့် ဂုဏ်ပေးခြင်း၊ အကွယ်ကိုသိသည်ဟု ယုံကြည်ခြင်း၊အလ္လာဟ်အရှင်မြတ်နှင့်အတူ ယှဉ်တွဲ၍ ဒုအာဆုတောင်းခြင်းများ မပြုလုပ်ကြရန်တားမြစ်‌တော်မူခဲ့သည်။ ထို့နောက် ကိုယ်တော်က မိမိသည်အလ္လာဟ်အရှင်မြတ်၏ကျွန်များအနက်မှ ကျွန်တစ်ဦးဖြစ်ကြောင်း ရှင်းပြတော်မူပြီးကျွန်တော်တို့အနေဖြင့် ကိုယ်တော့်အား အလ္လာဟ်အရှင်မြတ်၏ကျွန်နှင့် အရှင်မြတ်၏ရစူလ်တမန်တော်ဟူ၍သာပြောဆိုကြရန်အမိန်ပေးတော်မူခဲ့သည်။


النجاة الخيرية
ALNAJAT CHARITY
لجنة الدعوة الإلكترونية
EDC E-Da'wah Committee